နောက်ဆက်တွဲ (၁၀)

# သစ်တောများအုပ်ချုပ်လုပ်ကိုင်မှု (သဘာဝတောနှင့်စိုက်ခင်း) အတွက် ထောက်ခံချက်ပေးနိုင်ရန် စံနှင့်အညွှန်းများ (မူကြမ်း)အပေါ် လူထုသဘောထားမှတ်ချက်နှင့် အကြံဉာဏ်တောင်းခံရာတွင် ဆက်စပ်ပတ်သက်ပါဝင်သူများမှ ပြန်လည်ပေးပို့သော သဘောထားမှတ်ချက်/အကြံပြုချက်များအား နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့ခွဲ၊ နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့ နှင့် မြန်မာနိုင်ငံသစ်တောထောက်ခံချက်ပြုရေးကော်မတီ အစည်းအဝေးများတွင် အဆင့်ဆင့် အတည်ပြုဆုံးဖြတ်ထားသည်များကို တင်ပြခြင်း

| | |
|---|---|
| အမည် - | ဦးထွန်းဝင်း<br>ညွှန်ကြားရေးမှူးချုပ်<br>(ကိုယ်စား) |
| အလုပ်အကိုင်/ရာထူး - | ညွှန်ကြားရေးမှူး |
| အဖွဲ့အစည်းအမည် - | စိုက်ပျိုးရေးဦးစီးဌာန |
| ပေးပို့ရက်စွဲ - | ၁၂.၇.၂၀၁၉ |

## သစ်တောစိုက်ခင်းအုပ်ချုပ်လုပ်ကိုင်မှုအတွက် ထောက်ခံချက်ပေးနိုင်ရန် မြန်မာ့စံနှင့် အညွှန်းများ

| စဉ် | ဥပဒေသ၊ စံ၊ အညွှန်းများနှင့် အထောက်အထားများ | သဘောထားမှတ်ချက် | သဘောထားမှတ်ချက်များ၊ အကြံပြုချက်များနှင့် ပတ်သက်၍ အတည်ပြုဆုံးဖြတ်ချက်များ |
|---|---|---|---|
| ၁။ | ဥပဒေသ (၁)၊ စံ (၁.၁) | အပိုဒ် (၁.၁) တွင် ဖော်ပြပါရှိသော သစ်တောစိုက်ခင်း စီမံအုပ်ချုပ်ရာတွင် ပြဋ္ဌာန်းထားသော/တည်ဆဲ ဥပဒေများနှင့်အုပ်ချုပ်ရေးနှင့်ဆိုင်သော လိုအပ်ချက်များကို အလေးထားလိုက်နာရမည်ဟုဖော်ပြထားသော“စံ”၌ လက်ရှိတည်ဆဲဥပဒေနှင့် မူဝါဒများတွင်ပါရှိသော ဓာတ်မြေသြဇာဥပဒေ (၂၀၀၂) | ဓာတ်မြေသြဇာဥပဒေ(၂၀၀၂) အစား ဓာတ်မြေသြဇာဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၅) ကို အစားထိုးပြင်ဆင်သွားမည်ဖြစ်ပါသည်။ |

| | | | |
|---|---|---|---|
| | | အပြင် ဓာတ်မြေဩဇာဥပဒေကို ပြင်ဆင်သည့် ဥပဒေနှင့်ဓာတ်မြေ ဩဇာ ဥပဒေ(၂၀၁၅) ကိုထပ်မံ ဖြည့်စွက်သင့်ပါကြောင်း၊ | |
| ၂။ | ဥပဒေသ (၁၀)၊ စံ (၁၀.၁) | အပိုဒ် (၁၀.၁) တွင် ဖော်ပြပါရှိသော သဘာဝတောထိန်းသိမ်းကာကွယ်ခြင်း၊ ပြန်လည်တည်ထောင်ခြင်း ရည်ရွယ် ချက်များပါသော သစ်တောစိုက်ခင်း အုပ်ချုပ်မှု ရည်ရွယ်ချက်များကို အုပ် ချုပ်မှုစီမံကိန်းတွင် အသေးစိတ်ဖော်ပြ ပြီး အကောင်အထည်ဖော်ဆောင်ရွက် ရာတွင် ရှင်းရှင်းလင်းလင်းပြသနိုင်ရ မည်ဟု ဖော်ပြထားသော “စံ”၌ ဆောင် ရွက်မှု အထောက်အထားများတွင် ပါရှိ သောပိုးသတ်ဆေးဥပဒေ(၁၉၉၀)အပြင် ပိုးသတ်ဆေးဥပဒေ (၂၀၁၆) ကို ထပ်မံ ဖြည့်စွက်သင့်ပါကြောင်း၊ | ပိုးသတ်ဆေး ဥပဒေ (၁၉၉၀) အစား ပိုးသတ်ဆေးဥပဒေ (၂၀၁၆) ကို အစားထိုး ပြင်ဆင် သွားမည်ဖြစ်ပါသည်။ |